# ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၀/၂၀၁၈) ကြိမ်မြောက် အစည်းအဝေး [1]

Posted on 30 July 2018

ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁၀/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ကော်မတီအဖွဲ့ဝင်များတက်ရောက် ခဲ့ပါသည်။

အစည်းအဝေးတွင် ဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်လာ စေ

ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုဆွေးနွေးမှာကြားခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၄ ခု နှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁ ခုတို့ကို အတည်ပြုပေးခဲ့ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၀.၁၂၂ သန်း နှင့် မြန်မာကျပ်ငွေ သန်းပေါင်း ၆၀၀၀.၀၀ ဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်း ၁၉၃၀ ဦး အတွက် ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ခုနှစ် (သြဂုတ်လ မှ မတ်လ အထိ) ဘဏ္ဍာနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးရင်းနှီး မြှုပ်နှံမှုကော်မတီအနေဖြင့် စက်မှုကဏ္ဍ၊ ဟိုတယ်ကဏ္ဍ နှင့် အခြေခံဝန်ဆောင်မှုကဏ္ဍ တို့တွင် စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်ဝမ်၊ ဟောင်ကောင်၊ ဂျပန်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် British Virgin Islands နိုင်ငံတို့မှ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု လုပ်ငန်း ၃၉ ခု နှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၉ ခု၊ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၄၈ ခု တို့အား အတည်ပြုမိန့်များ ထုတ်ပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၆.၆၀၄ သန်းနှင့် မြန်မာကျပ်ငွေ ၂၃၀၆၀.၆၀ သန်းဖြစ်ပြီးအလုပ်အကိုင် အခွင့်အလမ်း ၂၂၄၈၁ ဦး အတွက် ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ ခုနှစ် (ဧပြီလမှ ဇူလိုင်လအထိ) ဘဏ္ဍာနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ အနေဖြင့် စက်မှုကဏ္ဍ၊ ဟိုတယ်ကဏ္ဍ နှင့် ခရီးသွားကဏ္ဍ တို့တွင် စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဟောင်ကောင်၊ ဂျပန်နိုင်ငံ၊ ဆေးရှယ်(လ်)နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဗီယက်နမ် နိုင်ငံတို့မှ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု လုပ်ငန်း ၂၄ ခု နှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၆ ခု၊ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၃၀ ခု တို့အား အတည်ပြုမိန့်များ ထုတ်ပေးခဲ့ပြီး မတည်ငွေရင်း ပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၅.၁၂၄ သန်း နှင့် မြန်မာကျပ်ငွေ ၁၄၁၉၃.၉၀၂ သန်း၊ အလုပ်အကိုင် အခွင့်အလမ်း ၁၆၅၆၈ ဦးအတွက် ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသူများအနေဖြင့် မတည်ငွေရင်း ပမာဏ အမေရိကန်ဒေါ်လာ ၅ သန်း (သို့) ကျပ်သန်း ၆၀၀၀ အထိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အတည်ပြုလျှောက်ထားလွှာများကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ရုံး၊ မြေကွက်အမှတ် ၄၉၊ စိမ်းလဲ့မေလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တယ်လီဖုန်းအမှတ် ၉၅-၀၁-၆၅၈၂၆၃သို့ ဆက်သွယ် မေးမြန်း လျှောက်ထားနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

© Copyright DICA 2021. All rights reserved.

Made by Inspiral Creative